စိတ်ကူးချိုချိုအနုပညာ

The Essence

mgyoe.com

လစာကောင်းတဲ့ အခွင့်အရေးများတဲ့ **International Companies** ကြီးတွေမှာ အလုပ်လုပ်ချင်ရင် **Cover Letter** ကောင်းကောင်း တစ်စောင်တော့ ရေးကို ရေးတတ်ရပါမယ်။

# တစ်ပတ်အတွင်း Cover Letter ကောင်း တစ်စောင် ရေးနည်း

အောင်စည်သာ
မြန်မာပြန်

# SUCCESSFUL COVER LETTERS IN A WEEK

Patricia Scudamore &
Hilton Catt

mgyoe.com

Cover Letter ရေးဖူးပါသလား ?

Cover Letter ဆိုတာ တကယ်လိုအပ်ပါသလား ?

Cover Letter က သင့်အလုပ်ရဖို့ ဘာတွေကူညီနိုင်မလဲ ?

Cover Letter ရေးရာမှာ

Expert ဆိုတဲ့ လူတွေ တစ်သက်လုံးသင်ယူခဲ့ရတာကို

တစ်ပတ်တည်းနဲ့ သင်ယူလိုက်ပါ။

သင့်ဘဝရဲ့ အောင်မြင်မှုပန်းတိုင်သို့ အမြန်ဆုံးလမ်းကြောင်းသို့

အထောက်အကူဖြစ်မှာပါ။

SUCCESSFUL COVER LETTERS IN A WEEK

Patricia Scudamore & Hilton Catt

# တစ်ပတ်အတွင်း Cover Letter ကောင်း တစ်စောင်ရေးနည်း

အောင်စည်သာ

မြန်မာပြန်

mgyoe.com

ast00008

1500.00 Ks

mgyoe.com

မျက်နှာဖုံးခွင့်ပြုချက်နံပါတ်- m.s.o

ထုတ်ဝေသူ-ဦးစန်းဦး၊စိတ်ကူးချိုချိုစာပေ၊(၀၀၅၃၈)၊၆၇၊၁၆၄လမ်း၊တာမွေ။

ပုံနှိပ်သူ -ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊(၀၀၄၁၂)၊၁၁၇၉၊မစိုးရိမ်လမ်း၊ရန်ကင်း။

ပထမအကြိမ်၊ အုပ်ရေ ၂၀၀၊ ၂၀၁၅၊ ဖေဖော်ဝါရီလ

အောင်စည်သာ
တစ်ပတ်အတွင်းCOVER LETTERကောင်းတစ်စောင်ရေးနည်း/– ရန်ကုန်။
စာမျက်နှာ ၁၅၄ မျက်နှာ၊
၁၃ စင်တီ× ၁၈ စင်တီ

mgyoe.com

mgyoe.com

# Cover Letter ဆိုတာ ဘာလဲ

Cover Letter ဆိုတာ သင် တတ်မြောက်ထားတဲ့ ပညာရပ်တွေ၊ အလုပ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ အကြောင်း အလေးအနက်ထား ပြောဆိုဖို့ CV (သို့) ကိုယ်ရေးအကျဉ်းရဲ့ရှေ့ဆုံးမှာတွဲလျက် ထည့်ပေးရတဲ့ စာတစ်စောင်ပါ။ Email မှာဆိုရင်တော့ ပေးထားတဲ့အကွက်မှာ သင်ရိုက်ထည့်တဲ့ စာတွေပေါ့။ လူတွေက Cover letter ဆိုတာကို စာအုပ်တစ်အုပ်ရဲ့ အရေးပါတဲ့ရှေ့ဖုံးလို့ ဘယ်သူမှ မသတ်မှတ်ကြဘူး။ Cover letter ဆိုတာ အလုပ်လျှောက်တဲ့အကြောင်း ပြောတဲ့ CV ရှေ့က အဖုံးသာမန်၊ ဒီတိုင်း ရိုးရိုးစာတစ်စောင်လို့ အထင်မှားနေကြပါတယ်။ တကယ်တော့ Cover letter ဆိုတာ အဲဒီ ရိုးရိုး စာတစ်စောင်ဆိုတာထက် ပိုပါတယ်။ အလုပ်ရှင်တွေဟာ များပြားတဲ့အလုပ်လျှောက်ထားသူတွေထဲက သူတို့ အင်တာဗျူးခေါ်မယ့်လူစာရင်းကို စစ်ထုတ်ဖို့ Cover Letter တွေကို အသုံးပြုတတ်ကြတယ်။ အချို့အလုပ်တွေက Cover Letterကို မလိုအပ်ပေမဲ့ လိုအပ်တယ်လို့ အလုပ်ကြော်ငြာမှာ

mgyoe.com

mgyoe.com

ဖော်ပြထားရင်တော့ ထည့်ကိုထည့်ပေးရပါမယ်။ လိုလို၊ မလိုလို အလုပ်လျှောက်တဲ့အခါ Cover Letter တစ်စောင်ထည့်ပေးလိုက်တာဟာ သင့်အတွက် ဆိုးကျိုးဆိုတာထက်ကောင်းကျိုးတွေကိုပဲ ဖြစ်စေပါတယ်။

## CV နဲ့ Cover Letter ဆိုတာက တခြားစီပါ၊ ဘာတွေကွာသလဲ

- CV (သို့) Resume ဆိုတာက သင့်မှာ ရှိသမျှ ပညာရေးနဲ့ အလုပ်အကိုင် နောက်ကြောင်းရာဇဝင်ကို ဖော်ပြတဲ့စာရွက်စာတမ်းတစ်ခုပါ။ အဲဒီဟာမှာ သင်လုပ်ခဲ့တဲ့ အလုပ်တွေ၊ သင်ရခဲ့တဲ့ ပညာရေးဆိုင်ရာလက်မှတ်တွေ၊ သင့်မှာ ရှိနေတဲ့ အရည်အချင်းတွေ၊ အခြား အချက်အလက်တွေကို စုစည်းထားတဲ့အရာပါ။
- Cover Letterဆိုတာတော့ သင့် CVမှာ ဖော်ပြထားတဲ့ အထဲက ယခု သင်လျှောက်မယ့် အလုပ်အတွက် သင်သာ အသင့်တော်ဆုံးဆိုတာပြဖို့ရန် ယခုအလုပ်နဲ့ လုံးဝအပ်စပ်ကိုက်ညီမယ့် သင့်ရဲ့စွမ်းဆောင်နိုင်စွမ်းနဲ့ အရည်အချင်း အတွေ့အကြုံတွေကို မီးမောင်းထိုး အထူးပြုဖော်ပြထားတာပါ။ သင့်မှာ ရှိရှိသမျှ အရည်အချင်းတွေ၊ ပညာရေးမှတ်တမ်းတွေ အားလုံးကိုမဖော်ပြဘဲ လျှောက်ထားမယ့် အလုပ်နဲ့ ဆိုင်တာကိုပဲ အလုပ်ရှင်တွေ အလွယ်တကူ သဘောပေါက်အောင် အလျင်မြန်ဆုံး ပြောပြလိုခြင်းပါ။

❂

mgyoe.com

mgyoe.com

# နိဒါန်း

လာမည့် အပတ် တစ်ပတ်လုံးမှာ ဒီစာအုပ်က တစ်ဆင့် သင့်ကို သင်ပေးမယ့်အရာတွေကတော့ Cover Letter တစ်စောင်နဲ့ ပတ်သက်ပြီး သင် သိသင့်သိထိုက်တဲ့ ...

- Cover Letter ကောင်းတစ်စောင် ဘယ်လိုရေးရမယ်ဆိုတာတွေ
- သင်အလုပ်ရဖို့ Cover Letter ရဲ့အခန်းကဏ္ဍ ဘယ်လောက်ထိ အရေးကြီးလဲဆိုတာတွေ
- အဲဒီ အသိဉာဏ်တွေကို သင့်အကျိုးအတွက် ဘယ်လို အသုံးချရမယ်ဆိုတာတွေ ဖြစ်ပါတယ်။

တနင်္ဂနွေကစလို့ ဒီစာအုပ်ကို ဖတ်လိုက်ပါ။ တစ်နေ့ကို တစ်ခန်း ဖတ်သွားပြီး နောက်တစ်ခေါက် တနင်္ဂနွေနေ့ ပြန်ရောက်တဲ့အခါ ကျယ်ပြန့်တဲ့အခြေအနေတွေကြား Cover Letter ကောင်းကောင်းတစ်စောင် ရေးတတ်တဲ့သူအဖြစ် သင့်ကိုသင် မြင်ရမှာပါ။

**တနင်္ဂနွေနေ့** မှာ အလွန်အရေးကြီးတဲ့ Good First impression လို့ခေါ်တဲ့ မြင်မြင်ချင်း၊ တွေ့တွေ့ချင်း ပထမဆုံး အမြင်ကောင်း

mgyoe.com

mgyoe.com
တစ်ခုကို Cover Letter က ဘယ်လို ဖန်တီးပေးနိုင်သလဲဆိုတာရယ်၊ သင့်ရဲ့ အလုပ်လျှောက်ခြင်းလုပ်ငန်းရဲ့ အစမှာ Cover Letter က ဘယ်လောက် အရေးပါသလဲ ဆိုတာရယ်ကို လေ့လာကြပါမယ်။

"Cover Letter ဆိုတာ အလုပ်ရှင်တွေ ပထမဆုံး ဖတ်တဲ့ အရာပါ။ အဲဒါမှာ သူတို့စိတ်ဝင်စားဖွယ်ရာတစ်ခုတွေ့ပြီး သင့် Cover Letter က သူတို့ကို ဆွဲဆောင်နိုင်ပြီဆိုရင် သင့် CV ကို ဆက်ဖတ်ပါလိမ့်မယ်။ အခြားတစ်ဖက်မှာတော့ သင့် Cover Letter ထဲမှာ သူတို့စိတ်ဝင်စားဖွယ်ရာတစ်ခုမှ မပါဘူးဆိုရင်တော့ သင့် CV ကို မကြည့်ဖြစ်တော့ဘူးဆိုတာနဲ့ သင် အဲဒီအလုပ်ကိုမရဖို့ ရာနှုန်းပြည့် သေချာသွားပါပြီ။ အဲဒီတော့ Cover Letter ဘယ်လောက်အရေးကြီးသလဲ သင်သိပြီ မဟုတ်လား။ ကျွန်တော်တို့ သဒ္ဒါ (Grammar) နဲ့ သတ်ပုံ (Spelling) မှန်ကန်မှုတွေကလည်း သင့်ရဲ့ Cover Letter လေး အကောင်းဆုံးဖြစ်ဖို့ လိုအပ်တဲ့အကြောင်းလည်း ဆွေးနွေးပါဦးမယ်။ အဲဒီတော့ သင့်လျှောက်လွှာကို ပစ်ထားဖို့အကြောင်းကို သူတို့ ရှာရမှာ မဟုတ်ပါဘူး။

**တနင်္လာနေ့** မှာတော့ အလုပ်ရှင်တွေ တစ်ယောက်နဲ့ တစ်ယောက် မတူတဲ့အကြောင်းတွေ ဆွေးနွေးပါမယ်။ တစ်ယောက်က လိုချင်တာကို နောက်တစ်ယောက်က မလိုချင်တာတွေ၊ သူတို့ရဲ့ စိတ်ဝင်စားတာတွေက ဘာတွေလဲ စတာတွေကို လေ့လာပါမယ်။ မတူကွဲပြားမှုစတဲ့ အလုပ်ရှင်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဆိုတာ အလုပ်လိုချင်တဲ့လူတစ်ယောက်အဖို့ အလွန်ပဲ အရေးပါပါတယ်။ တစ်ချိန်တည်းမှာပဲ သင့်ရဲ့ Cover Letter ဟာ သင့် အလုပ်ရှင်နဲ့ နီးစပ်စေဖို့ ကျွန်တော်တို့ အကြံပေးပါဦးမယ်။ အဲဒါဟာ တကယ်
mgyoe.com

mgyoe.com

တော့ သင်နဲ့ သင့် အလုပ်ရှင် ဆက်ဆံရေးလမ်းကြောင်းတစ်ခုမှာ အရေးကြီးဆုံး အစမှတ်တစ်ခု မဟုတ်ပါလား။

**အင်္ဂါနေ့** ရောက်တဲ့အခါမှာတော့ သင့်ရဲ့ Cover Letter လက်တွေ့ရေးခြင်း စပါပြီ။ Cover Letter တစ်စောင်ရဲ့ အပြင်အဆင်တွေ၊ ပါဝင်ရမယ့် အရာတွေ စတာတွေကို ပြောပါတော့မယ်။ လက်ခံ ဖတ်ရှုရမည့်သူ အလွယ်တကူ သဘောပေါက်လက်ခံလာအောင်၊ သူ့ရဲ့ မျက်လုံးကို Cover Letter ပြီးတဲ့အထိ ဖွဲ့ဆောင်ထားနိုင်အောင် လုပ်ရမယ့် နည်းလမ်းတွေ ဆွေးနွေးသွားမှာပါ။ ရှောင်ရန်၊ ဆောင်ရန်တွေ ပါမယ်။ Email နဲ့ ပို့တဲ့အခါမှာ မတူခြားနားတဲ့ ရှောင်ရန် ဆောင်ရန် တွေလည်း ပါပါဦးမယ်။

**ဗုဒ္ဓဟူးနေ့** မှာတော့ များပြားလှတဲ့ ပြိုင်ဘက်တွေကြား သင့် Cover Letter ဟာ ထူးခြားဆန်းပြားပြီး ဆွဲဆောင်မှု ကောင်းစေဖို့နဲ့ အယှဉ်ပြိုင်ခံနိုင်စွမ်းရှိဖို့ နည်းလမ်းတွေ ပေးမှာပါ။ သင်ဟာ သိပ်ပြီး မြင့်မားတဲ့ နည်းပညာပိုင်းဆိုင်ရာ အလုပ်တွေမဟုတ်ဘဲ သာမန်သတင်းစာ၊ ဂျာနယ်တွေထဲမှာ ထည့်လေ့ရှိတဲ့ အလုပ်လျှောက်ထားတဲ့ လျှောက်လွှာပေါင်း အဆမတန်များတဲ့ အလုပ်တွေကို လျှောက်တော့မယ်ဆိုရင်ပေါ့။

**ကြာသပတေးနေ့** မှာတော့ ဗုဒ္ဓဟူးနေ့က ပြောတဲ့အလုပ်တွေနဲ့ မတူဘဲ ရှုပ်ထွေးပြီး သိပ် ထင်ထင်ပေါ်ပေါ် မရှိတဲ့၊ Cover Letter ပုံစံကွဲတစ်မျိုး လိုအပ်တဲ့၊ ကြော်ငြာထည့် လူခေါ်လေ့မရှိတဲ့ အလုပ်တွေအတွက် Cover Letter ဘယ်လို ရေးရမလဲဆိုတဲ့အကြောင်း ဆွေးနွေးမှာပါ။

**သောကြာနေ့** မှာတော့ သင့်ကို တိုက်ရိုက်အလုပ်ရှင်၊ ဒါရိုက်တာ မဟုတ်ဘဲ အလုပ်ရှာပေးတဲ့ အကြဲပေးတွေ၊ အလုပ်ရှာပေးမယ့်လူတွေ

mgyoe.com

mgyoe.com

ကို Cover Letter က တစ်ဆင့် သင် ဘာလိုချင်တာလဲဆိုတာ သိအောင် လုပ်နည်းတွေ ပါပါမယ်။

နောက်ဆုံး **စနေနေ့** မှာတော့ လေ့ကျင့်ခန်းတွေနဲ့အတူ သင် ဘယ်လောက် သင်ယူနိုင်ခဲ့သလဲ၊ သင့် Cover Letter တစ်စောင် ဘယ်လောက် ကောင်းလာပြီလဲဆိုတာကို ကျွန်တော်တို့ ဆန်းစစ်ကြတာပေါ့။

mgyoe.com

mgyoe.com



# Cover Letter တစ်စောင်ဖြင့် မြင်မြင်ချင်း စိတ်ဝင်စားမှု ရယူခြင်း

(သို့)

# Cover Letter ဆိုတာ ဘာလဲ

# Cover Letter ဘာလို့ အရေးကြီးတာလဲ

mgyoe.com

mgyoe.com

ဒီကနေ့ သင့်ရဲ့ Cover Letter အပေါ် အလုပ်ရှင်တစ်ယောက် မြင်မြင်ချင်းအထင်ကြီးသွားအောင်၊ မြင်မြင်ချင်း စိတ်ဝင်စားသွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ဘာလို့ အဲဒါဟာ အရေးကြီးသလဲဆိုတာကို ပြောပြသွားမှာပါ။ အဓိက,ကတော့ တကယ် ရေးနည်းဆိုတာထက် မရေးခင် သိရမယ့် အတွေးအခေါ်တွေကို ပြောပြမှာပါ။

Cover Letter ဆိုတာ သင့်ရဲ့ အလုပ်လျှောက်ထားမှုလမ်းကြောင်းမှာ အလွန်အရေးပါတဲ့နေရာမှာ ရှိပါတယ်။ ဘာလို့ဆို သင့်အလုပ်လျှောက်ထားမှုရဲ့ပန်းတိုင်ဖြစ်တဲ့ အလုပ်ရရှိမှုမှာ Cover Letter ဟာ အဓိကအခန်းကဏ္ဍက ပါဝင်လို့ပါ။ Cover Letter ဆိုတာ သင့်ရဲ့ သင့်အလုပ်ရှင်၊ သင့်ကို အလုပ်ခေါ်မယ့်သူတွေက ပထမဆုံးကြည့်တဲ့ အရာပါ။ သင့်ရဲ့ Cover Letter ဟာ သင့်အကြောင်းကို မိတ်ဆက်ပေးမှာပါ။ သင့်ရဲ့ Cover Letter စာအိတ်ထဲက မထွက်လာမချင်း၊ Email ထဲကို မရောက်မချင်း သူတို့ သင့်အကြောင်းကို မသိသေးပါဘူး။ ပြီးတော့ သင်ဟာ သူတို့ခေါ်တဲ့အလုပ်နေရာအတွက် အသုံးဝင် မဝင်လဲ မသိသေးပါဘူး။ သင့်ကို မိတ်ဆက်ပေးဖို့ ဆိုတာ Cover Letter ကပဲ တတ်နိုင်မှာပါ။ ပြီးတော့ အဲ့ဒီ Cover Letter ဟာ သင်မှလွဲ၍ ရွေးရာမရှိဆိုတဲ့ အတွေးကို အလုပ်ခေါ်မယ့်သူရဲ့ ခေါင်းထဲထည့်ပေးနိုင်မယ့်အရာပါ။

Cover Letter နဲ့ ပတ်သက်လို့ ရှင်းလင်းတဲ့အမြင်က သူတို့ဟာ တစ်ခုခုမစားခင် အမြည်းသဘောမျိုး၊ မိတ်ဆက်စာသဘောမျိုး ဆောင်ရွက်ပေးတာပါ။ သင့်ရဲ့

mgyoe.com

mgyoe.com

Cover Letter သာ သူ့အလုပ်ကိုသူ ကောင်းကောင်း စွမ်းဆောင်နိုင်ပြီဆိုရင် သင့် CV ကို ဖတ်ဖို့ သေချာသွားပါပြီ။ သင့် CV ကို ဖတ်ပြီဆိုရင်တော့ သင့်ရဲ့ အလုပ်ရနိုင်ခြေ အခွင့်အလမ်းများသွားပါပြီ။ အကယ်၍ သင့်မှာသာ လိုအပ်တဲ့အရည်အချင်းရှိခဲ့ရင်ပေါ့။ မဟုတ်ရင်တော့ ဘယ်လောက်ပဲ Cover Letter ကြီး ကောင်းနေပါစေ အလုပ်ရဖို့ မကျိန်းသေဘူးဆိုတာကိုတော့ သတိရပါ။ ဒါဆို ဘာလို့ Cover Letter အရေးကြီးလဲဆိုတော့ အသင့်လျော်ဆုံးဆိုတဲ့ CV တွေဟာ Cover Letter မကောင်းလို့ ဖတ်ရှုခြင်းတောင်မခံရပါဘဲ လျစ်လျူရှုခံရတဲ့ အခြေအနေ ဖြစ်လို့ပါ။

ဒါ့ကြောင့် ''အလုပ်ရဖို့ လမ်းကြောင်းပေါ်ရောက်ဖို့ Cover Letter ကောင်းဖို့ လိုပါတယ်။ Cover Letter ကောင်းရုံနဲ့ အလုပ်မရနိုင်ဘူးဆိုတာလည်းသိထားရပါမယ်။

mgyoe.com

mgyoe.com

## Halo Effect (ဟေလိုသက်ရောက်မှု)

တကယ်တော့ ဟေလိုသက်ရောက်မှုဆိုတာ လူတစ်ယောက်အပေါ် ကျွန်တော်တို့ရဲ့ အမြင်နဲ့ ခံစားချက်ပါ။ ဟေလိုသက်ရောက်မှု ခံစားရတဲ့ လူတစ်ယောက်ဟာ နောက်ထပ်တစ်ယောက်နဲ့ တွေ့တွေ့ချင်းမှာ အကောင်းတွေနဲ့စခဲ့မယ်ဆိုရင် နောင်အဲဒီ လူ ဘယ်လိုအားနည်းချက်ပဲရှိရှိ အပြစ်မမြင်တော့တာပါ။ အင်တာဗျူးတဲ့ လူတွေဟာ ဟေလိုသက်ရောက်မှု မခံရဖို့ အမြဲသင်ကြားခြင်းခံရပါတယ်။ ဘာလို့ဆို လူမှန် နေရာမှန် မရမှာစိုးလို့ပါ။

## Reverse Halo Effect
## (ပြောင်းပြန် ဟေလိုသက်ရောက်မှု)

အခြားတစ်ဖက်မှာတော့ ပြောင်းပြန်ဟေလို သက်ရောက်မှုဆိုတာ လူတစ်ယောက် တွေ့တွေ့ချင်းမှာ အလွဲအချော်တစ်ခုဖြစ်ပြီး မကောင်းမြင်သွားပြီဆိုတာနဲ့ တစ်လျှောက်လုံး အကောင်းကို မမြင်နိုင်တော့တာပါ။

## တွေ့တွေ့ချင်း တဒင်္ဂရဲ့တွယ်ငြိမှု

အဲဒီတော့ ဟေလိုသက်ရောက်မှုက ကျွန်တော်တို့ကို ဘာတွေသင်ပေးခဲ့သလဲဆိုတော့ ...

- တွေ့တွေ့ချင်း၊ မြင်မြင်ချင်း ပထမဆုံးအမြင်တစ်ခုရဲ့ အရေးကြီးပုံ
- တွေ့တွေ့ချင်း၊ မြင်မြင်ချင်း ပထမဆုံး အမြင်တစ်ခုရဲ့ တွယ်ငြိမှု
- တွေ့တွေ့ချင်း၊ မြင်ခြင်ချင်း မှာ အဆင်ပြေသွားပြီဆိုတာနဲ့

mgyoe.com

mgyoe.com

နောင်အလားအလာ အခြေအနေ အများကြီး ကောင်းပုံ စတာတွေကို ပြောပြခဲ့ပါတယ်။

## Cover Letter နဲ့ အလုပ်ရှင်တွေရဲ့ သင့်အပေါ် ပထမဆုံး ထင်မြင်ချက်

Cover Letter ဟာ တကယ့်ကို ထင်ရှားတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။ သူတို့ဟာ အလုပ်ရှင်တွေ ပထမဆုံးဖတ်တဲ့အရာ ဖြစ်လေတော့ အဲဒီ Cover Letter ကောင်း မကောင်းကို သူတို့မြင်တဲ့ အမြင်ဟာ နောက်ဘာဖြစ်မလဲဆိုတာကို ဆုံးဖြတ်ဖို့ အကြောင်းပြချက်တစ်ခုပါ။ ဥပမာအားဖြင့် ဖျက်ရာ ဗရပွ၊ စာလုံးပေါင်းအမှားတွေနဲ့ ရောက်လာတဲ့ Cover Letter တစ်ခုနဲ့ တွဲလျက်ပါလာတဲ့ CV ဟာ အမှိုက်ပုံးထဲ တန်းရောက်သွားမှာပါ။ သင့် CV မှာ ဘယ်လောက်ပဲ ထင်ရှားတဲ့အချက်တွေပါပါ Cover Letter က သင့် CV ကို မြောင်းထဲရောက်သွားစေနိုင်ပါတယ်။ Cover Letter ကောင်းရင်တော့ သင့် CV လေးကို ဖတ်ကြည့်မယ်။ CV မှာ Ok ရင်တော့ သင့်ကို အင်တာဗျူးခေါ်မယ်စတဲ့ အလုပ်ရဖို့လမ်းကြောင်းပေါ်က အဆင့်တွေကို တက်လှမ်းနိုင်မှာပါ။ အလုပ်ခေါ်/ခန့် ဌာနတွေမှာ လုပ်တဲ့လူတိုင်းက သင့်ကို Cover Letter ဘယ်လောက်အရေးကြီးတဲ့အကြောင်း၊ သူတို့ CV တွေကို အကုန်မဖတ်တဲ့အကြောင်း ပြောမှာပါ။ ပြီးတော့ သူတို့အတွေ့အကြုံတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ တစ်ခါတစ်ရံ CV နဲ့ Cover Letter ရဲ့ အရည်အသွေးက ကွာလွန်းတော့ တစ်ယောက်တည်းက ရေးထားတာ ဟုတ်ရဲ့လားလို့တောင် သံသယ ဖြစ်စရာလို့ ထင်ရတာပါတဲ့။

mgyoe.com

mgyoe.com

**အဓိကအချက်**

သင့် CV ကို အကောင်းဆုံးဖြစ်စေဖို့ နာရီပေါင်းများစွာ အကုန်ကျခံပြီး ပြင်ဆင်တာဟာ Cover Letter တစ်စောင် မပါဘဲနဲ့တော့ အသုံးမဝင်ပါဘူး။ ပြိုင်တူကောင်းမွန်သော CV နဲ့ Cover Letter နှစ်ခုလုံးကို တူညီတဲ့အချိန်၊ တူညီတဲ့ လုံ့လနဲ့ ပြင်ဆင်ရမှာပါ။ အဲဒီနှစ်ခုဟာ အတူတကွ သင့်ကို လမ်းမှန်ပေါ်ခေါ်ဆောင်သွားကြမှာပါ။ တစ်ခုတည်းနဲ့တော့ အလုပ်မဖြစ်ပါဘူး။

## အခွင့်အလမ်းကို ရနိုင်သမျှ ယူပါ

Cover Letter ကို မလိုပါဘူးကွာဆိုတဲ့ လူတွေ အများကြီး ရှိပါတယ်။ အချို့ အလုပ်လျှောက်လွှာတွေကို သူတို့ ကိုယ်တိုင် ပြု လုပ်ထားတဲ့ စလစ်လေးတွေနဲ့ ဖြစ်စေ၊ လိပ်စာကတ်တွေနဲ့ဖြစ်စေ သူတို့ကို သူတို့ မိတ်ဆက်ဖို့ အသုံးပြုလေ့ရှိတယ်။ အချို့ကတော့ အဖြစ်သဘောပဲ တစ်ကြောင်း၊ နှစ်ကြောင်း၊ ဥပမာ- "I wish to apply for the position ( ) A Copy of my CV is enclosed. Yours sincerely" စသည်ဖြင့် အဖြစ်ပဲ အလွယ်တကူ ရေးပေးလိုက် လေ့ရှိပါတယ်။ အဲဒီလို လျှောက်လွှာတွေရဲ့ အကျိုးသက်ရောက်မှုက အဲဒါတွေကို ဘယ်သူဖတ်သလဲဆိုတာပေါ် မူတည်ပါတယ်။ အချို့ အလုပ်ရှင်တွေက အဲဒီလို ရေးပေးလိုက်တဲ့ လူတွေကို အထင်သေး လေ့ရှိကြတယ်။ အဲဒါဟာ သင့်အပေါ် ဆိုးရွားတဲ့ ပထမဆုံး မှတ် ချက်တစ်ခုပါ။ ဒါပေမဲ့ အဲဒီထက်ပိုပြီး အရေးကြီးတာတစ်ခု ရှိပါသေး တယ်။ တကယ်တော့ Cover Letter ဆိုတာ စစချင်း အထင်ကြီးမှု ကို ရယူရမယ့် အရာပါ။ အဲဒီ အခွင့်အရေးကြီးကို လက်လွှတ်လိုက်ရ

mgyoe.com

mgyoe.com

တာဟာ သိပ်ကို စိတ်မကောင်းဖြစ်ဖို့ ကောင်းပါတယ်။ အထူးသဖြင့် လူပေါင်း ထောင်ချီလျှောက်ထားတဲ့၊ သိပ်ကို ပြိုင်ဆိုင်မှုများပြားတဲ့ အလုပ်နေရာအတွက် သင့်လျှောက်လွှာကို တွေ့တွေ့ချင်းခဏမှာ အထင်ကြီးလေးစားတဲ့ မှတ်ချက်တစ်ခုကို ရယူဖို့ လိုပါတယ်။ အဲဒီလို လုပ်ဖို့အတွက် Cover Letter ထက် ကောင်းတာ ဘာရှိဦးမှာလဲ။

## CV ရဲ့အစိတ်အပိုင်းတစ်ခု

သင့်ရဲ့ Cover Letter ကို သင့် CV ရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ် မြင်နိုင်ဖို့ဟာ သိပ်ကို အရေးကြီးပါတယ်။ သင် နှစ်သက်တတ်မယ်ဆိုရင် Cover Letter ကို CV ရဲ့ ပထမဆုံးစာမျက်နှာအဖြစ် ခေါ်ဆိုနိုင်ပါတယ်။ နောက်မှာလည်း တွေ့မှာပါ။ Cover Letter ဟာ CV ထဲက အဓိကအချက်တွေ၊ အထူးသဖြင့် သင် လျှောက်ထားတဲ့ အလုပ်နဲ့ ဆက်စပ်တဲ့ အဲဒီအချက်တွေကို ဆွဲထုတ်ဖော်ပြပေးပါတယ်။ သတင်းစာတစ်စောင်ရဲ့ မျက်နှာဖုံးလိုပါပဲ။ သင့်ကို ဆွဲဆောင်နိုင်မယ့် ခေါင်းစဉ်တွေကို အဲဒီမှာ တွေ့ပါမယ်။ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတဲ့ အသေးစိတ်အရာတွေကတော့ အထဲမှာပေါ့။

> **အဓိကအချက်**
>
> သင့်ရဲ့အလုပ်ရရှိရေးလုပ်ငန်းစဉ်မှာ ထူးရှယ် Cover Letter တစ်စောင်နဲ့ ပြည့်စုံကောင်းမွန်တဲ့ CV တစ်ခုကို အနိုင်ရမယ့် အဖွဲ့တစ်ခုလို မြင်ပါ။

mgyoe.com

mgyoe.com

## သင့်အတွက် Cover Letter က ဘယ်လိုအလုပ်လုပ်ပေးသလဲ

ရှေ့မှာ Cover Letter က သင့်အပေါ် ကောင်းမွန်တဲ့ ဦးဆုံးမှတ်ချက်တစ်ခုရဖို့ အရေးပါတဲ့ အကြောင်း ခဏခဏ ပြောခဲ့ပြီးပါပြီ။ အဲဒီမှာ ပထမဦးဆုံး သင်ရတဲ့ ဦးဆုံးမှတ်ချက်ကောင်းတစ်ခုကို သင်ရပြီးပြီဆိုတာနဲ့ အဲဒီ ကောင်းမွန်တဲ့ အမြင်တစ်ခုဟာ သင်နဲ့အတူ အမြဲရှိနေပြီး သင့်အတွက်လည်း အလုပ်ရဖို့ ကူညီပေးမှာပါ။ နောက်တစ်ခုသိထားရမှာက အလုပ်လျှောက်ထားတဲ့ ဖြစ်စဉ်တစ်ခုဟာ ဆက်လက်ဆောင်ရွက်လေ လူများများနဲ့ တွေ့လာရလေဆိုတာပါပဲ။ ဥပမာ သင်ဟာ ရွေးချယ်ခေါ်ယူမယ့် ပဏာမလူစာရင်းထဲ ပါလာခဲ့ရင် သင် ပထမဆုံးတွေ့တဲ့ HR မန်နေဂျာဟာ သင့်ရဲ့ စာရွက်စာတမ်းတွေကို နောက်တစ်ဆင့် အင်တာဗျူးမယ့် မန်နေဂျာ(တကယ် အလုပ်ရသွားခဲ့ရင် သင့်အထက်အရာရှိဖြစ်မယ့်သူ)ဆီ လွှဲပေးလိုက်မှာပါ။ အဲဒီနောက်တစ်ယောက်ကလည်း သင့် Cover Letter ကိုပဲ စဖတ်မှာပါ။ ခုမှ ထပ်တွေ့ရတဲ့ မျက်လုံးအသစ်တစ်စုံဆီကလည်း တွေ့တွေ့ချင်း မှတ်ချက်ကောင်းတစ်ခုထပ်ရဖို့ကို သင့် Cover Letter က ဆက်လက်ကူညီပေးသွားမှာပါ။

## ဆိုးရွားတဲ့ အင်္ဂလိပ်စာ အရေးအသား

အားလုံးသိတဲ့အတိုင်း Cover Letter တွေကို ရေးသားရမယ့် အဓိကဘာသာစကားကတော့ အင်္ဂလိပ်စာပါ။ စာလုံးပေါင်းအမှားတွေ၊ သဒ္ဒါ အမှားတွေ၊ ဆိုးရွားတဲ့ အရေးအသားပုံစံတွေနဲ့ Cover Letter တွေဟာ အလုပ်ရှင်တွေနဲ့ အစေးမကပ်လှပါဘူး။ အဲဒီတော့ ခုအချိန်ဟာ အင်္ဂလိပ်စာအရေးအသားအတွက် လုံလောက်တဲ့ ပြင်ဆင်

mgyoe.com

mgyoe.com

ချိန်နဲ့ ကြိုးစားအားထုတ်မှုမရှိတဲ့ အလုပ်လျှောက်ထားသူတွေအတွက် သူတို့ရဲ့ ဆိုးရွားတဲ့အင်္ဂလိပ်လို Cover Letter အရေးအသားဟာ သူတို့ရဲ့ အလုပ်လျှောက်ထားမှုကို ဘယ်လောက်ဆိုးရွားစွာ ထိခိုက်နိုင်လဲဆိုတာကို ပြောပြဖို့ အချိန်ပါ။

အဲဒါတွေကို ပြောပြပြီးရင်တော့ Cover Letter ရေးတဲ့အခါ အင်္ဂလိပ်စာအရေးအသားကို ဂရုစိုက်ဖို့ ဖြစ်သွားပါပြီ။ ကျွန်တော်တို့က ကိုယ့်ကိုယ်ကို အမှားသေးသေးလေးတွေ မှားတဲ့သူ၊ နမော်နမဲ့နိုင်တဲ့သူတွေအဖြစ် မမြင်လိုကြပါဘူး။ အဲဒါကပဲ CV တွေ၊ Cover Letter တွေမှာ ဆိုးရွားတဲ့အမှားတွေ တွေ့ရတဲ့အချက်ပါ။ အဲဒီနှစ်ချက်ကို ခေါင်းထဲထည့်ထားပြီး သေချာစစ်တဲ့လူတွေအတွက်တော့ အဲဒီအမှားတွေ မရှိတော့တဲ့အပြင် အလုပ်ရှင်အနေနဲ့လည်း တကယ်အလုပ်ခန့်လိုက်လို့ တာဝန်ပေးတဲ့အခါ သေးသေးလေးကအစ ဂရုစိုက်နိုင်တဲ့သူအဖြစ် စိတ်ချနိုင်မှာပါ။ နောက်ရက်တွေမှာ အရေးအသားနဲ့ ပတ်သက်လို့ ဆောင်ရန် ရှောင်ရန်တွေ သင်ပေးပါ့မယ်။ ဒီနေ့ကတော့ တကယ် ဘာမှ မရေးခင် သင် သိထားရမယ့်ခေါင်းထဲ ထည့်ထားရမယ့် အတွေးအခေါ်တွေကို ပြောပြပေးနေတာပါ။

## စာလုံးပေါင်းစစ်ဆေးခြင်း၊ စာလုံးပေါင်း အမှားတွေ

ခုလို တိုးတက်လာတဲ့ခေတ်မှာတော့ စာလုံးပေါင်းအမှားတွေကို လူက လိုက်စစ်စရာမလိုတော့ပါဘူး။ အသုံးများတဲ့ Microsoft Word လို စာရိုက်ရာနေရာမျိုးတွေမှာ Spellcheckers လို့ခေါ်တဲ့ အလိုအလျောက် စာလုံးပေါင်းစစ်ဆေးပေးတဲ့စနစ်တွေ ရှိလာပါပြီ။ အဲဒီ စာလုံးပေါင်းစစ်ဆေးတဲ့ အော်တိုစနစ်တွေ ပေါ်လာလို့ စာလုံးပေါင်းမမှားတော့ဘူးလားဆိုတော့ ပိုလို့တောင် ဆိုးလာပါတယ်။ အရင်က

mgyoe.com

mgyoe.com

မှားတာက အစိပ္ပာယ်ကို မှန်းလို့ရပေမဲ့ အခုအခါမှာ မှားကြပြီဆိုရင် မှန်းလို့တောင် မရ၊ လုံးဝနားမလည်နိုင်တဲ့အထိ ဖြစ်သွားတာပါ။ အဲဒါဟာ Spellcheckers တွေမှာ ပြဿနာရှိလို့ မဟုတ်ပါဘူး။ လူတွေကပဲ မှားနေကြတာပါ။ လူတွေဟာ Spellcheckers က သတိပေးမျဉ်းနီလေးပေါ်လာပြီဆို အလွယ်တကူပဲ Auto Correct ဆိုတဲ့ စက်က အလိုလိုပြင်ဆင်တဲ့စနစ်ကို ရွေးချယ်ပေးလိုက်ခြင်းဟာ ပြဿနာရဲ့ တရားခံပါပဲ။ သူတို့ရှေ့က စာကိုလည်း ပြန်မဖတ်၊ အဘိဓာန်လည်း မကြည့်ဘဲ စက်က အကြံပြုတာကို အလွယ် အသုံးချလိုက်ခြင်းဟာ သင်တို့ရဲ့ အချို့ CV တွေ ပယ်စာရင်းထဲ ဘာလို့ရောက်သွားလဲဆိုတဲ့အချက်တစ်ခုပါပဲ။ အဲဒါဟာ ဘယ်သူကမှ သင့်ကို အရေးလုပ်ပြောမှာမဟုတ်တဲ့ သေးပေမဲ့လည်း ရုပ်ဆိုးတဲ့အမှားတစ်ခုပါပဲ။

**အစိကအချက်**

CV တွေ Cover Letter တွေမှာ စာလုံးပေါင်းမှားတာဟာ ခုမှ ကျောင်းပြီးစလူတွေ၊ ခုမှ ဘွဲ့ရတဲ့လူတွေအတွက်ပဲကြုံရတဲ့ ပြဿနာတစ်ရပ်မဟုတ်ပါဘူး။ တကယ့်ကို အတွေ့အကြုံရှိတဲ့ သူတွေ၊ ပညာရှင်တွေရဲ့ အမှားပါတဲ့လျှောက်လွှာတွေ၊ အုပ်ချုပ်မှုဆိုင်ရာ ရာထူးကြီးကြီးတွေကို လျှောက်ထားတဲ့လူတွေရဲ့ အမှားပါတဲ့လျှောက်လွှာတွေစတဲ့ လျှောက်လွှာ ဥပမာတွေ အများကြီးကြုံတွေ့ခဲ့ရဖူးပါတယ်။ အဲဒီတော့ စာလုံးပေါင်း ပြဿနာဟာ လူတိုင်းအတွက် အရေးကြီးတဲ့ပြဿနာတစ်ရပ်ပါပဲ။

mgyoe.com

mgyoe.com

## အဖြစ်သဘော Cover Letter တွေ

အဖြစ်သဘော တစ်ကြောင်း၊ နှစ်ကြောင်းပဲရေးတဲ့ Cover Letter တွေ ဥပမာ (I would like to applied for ..., your ....) အကြောင်း ရှေ့မှာ ပြောခဲ့ပြီးပါပြီ။ အဲဒီ Cover Letter တွေက သင် အမှတ်ယူရမယ့် အခွင့်အရေးတွေ ဆုံးရှုံးတယ်ဆိုတဲ့အကြောင်း လည်း အကြမ်းဖျင်းပြောခဲ့ပြီးပါပြီ။ ဒီထက် ပိုဆိုးဝါးတဲ့ အဖြစ်သဘော Cover Letter တွေဟာ လျှောက်ထားသူနဲ့ ရာထူးနေရာမှာ ကွက်လပ် ထားပြီး နောက်မှထပ်ဖြည့် လျှောက်လွှာတင်တဲ့ ရယ်ဒီမိတ် Cover Letter တွေပါ။ အဲဒီလို အဖြစ်သဘော Cover Letter တွေဟာ အလုပ်လျှောက်လွှာတွေကို သိပ် ရုပ်ဆိုးစေတဲ့အရာတွေပါပဲ။

## အဖြစ်သဘော Ready Made Cover Letter တွေ ဘာလို့ ရုပ်ဆိုးရတာလဲ

ရှေ့မှာပြောခဲ့တဲ့ ကွက်လပ်ထားပြီး နောက်မှဖြည့်တဲ့ ရယ်ဒီမိတ် Cover Letter တွေမှာ သင် အလုပ်ရရေးကို ထိခိုက်နိုင်တဲ့ အားနည်း ချက်များစွာ ရှိပါတယ်။ အဖွင့်စာသား၊ အပိတ်စာသားတွေဟာ တစ် သမတ်တည်း ဖြစ်နေပြီး အလုပ်အကိုင်အားလုံးလည်း အဆင်ပြေ အောင် လုပ်ထားရတဲ့အတွက် ပါဝင်တဲ့အချက်က အကြမ်းဖျင်းဆန်ပါ တယ်။ အဲဒီအခါ သင့်ရဲ့ ပညာရေးထောက်ခံချက်တွေ၊ အလုပ်ခွင် အတွေ့အကြုံတွေအကြောင်း သေချာပြောဖို့ မပြည့်စုံတော့ပါဘူး။ တစ်ခါတစ်ရံဆို ထည့်ရေးခွင့်တောင် မရနိုင်ပါဘူး။ နာမည်နဲ့ ရာထူးပဲ အပြောင်းအလဲ လုပ်ရတဲ့ ရယ်ဒီမိတ် Cover Letter တွေ ရှိပါတယ်။ အဲဒီဟာတွေနဲ့ဆိုရင် သင် အမှတ်ရနိုင်တဲ့အချက်တွေ မပါဝင်နိုင်တော့ ပါဘူး။ သင်ဟာ လက်တွေ့မှာ သူများထက် ခေါင်းတစ်လုံးသာ နေပေ

mgyoe.com

mgyoe.com

မဲ့လည်း Cover Letter လေးတစ်ခုရေးဖို့ ပျင်းလိုက်တာကြောင့် သူများနဲ့ တန်းတူဖြစ်သွားတတ်ပါတယ်။ အတွေ့အကြုံရှိတဲ့ အလုပ်ခေါ်ယူရေး တာဝန်ရှိသူတစ်ယောက်၊ CV ပေါင်းများစွာကို ဖတ်လာခဲ့တဲ့ လူတစ်ယောက်ဟာ အဲဒီလို Cover Letter တွေကို တွေ့တာနဲ့ သိနိုင်ပါတယ်။ အဲဒီလို သိသွားပြီဆိုတာနဲ့ သင့်အပေါ် သူတို့ချမှတ်တဲ့ ပထမဆုံးမှတ်ချက်ဟာ မကောင်းဖို့ များသွားပါပြီ။ အဲဒီလို Cover Letter ကြီးကို သင့် CV နဲ့အတူတွဲပြီး မြင်လိုက်တာနဲ့ သင့်အပေါ် သူတို့မြင်နိုင်တဲ့ အမြင်ဆိုးတွေက ...

* ဒီလူက ပျင်းတဲ့လူပဲ
* အလုပ်အမြဲလျှောက်နေတဲ့လူ၊ ကုမ္ပဏီအတွက် ရေရှည်မြဲမယ့်လူ မဟုတ်ဘူး။
* ကိုယ့်အားသာချက်၊ အားနည်းချက်ကို သိတဲ့လူ မဟုတ်ဘူး
* မထူးခြားပါဘူး။ သူလည်း တခြားလူတွေလို နေမှာပါ။

စတဲ့အမြင်တွေနဲ့ သင့်အလုပ် ရရှိရေးကို ထိခိုက်စေတဲ့ မှတ်ချက်တွေချည်း ထွက်လာမှာပါ။

## အသေးစိတ်ကအစ ဂရုစိုက်ပါ

လိပ်စာမှားလာတဲ့ Cover Letter တွေ၊ လိပ်မူရမယ့် နာမည်မှားလာတဲ့ Cover Letter တွေကိုတွေ့တဲ့အခါ အတွေ့အကြုံမရှိသေးတဲ့ အလုပ်သမားရေးရာဌာနက ဝန်ထမ်းတစ်ယောက်အတွက်တော့ အံ့အားသင့်စရာပါ။ ဘာလို့ဆို အဲဒီအချက်ကလေးတွေက သင်အလုပ်ခေါ်စာက ကူးယူလိုက်ရုံပဲလေ။ အဲ့ဒီ အမှားတွေအတွက် နမော်နမဲ့နိုင်ခြင်းကလွဲလို့ အဖြေမရှိပါဘူး။ ပြီးတော့ အဲဒီလိုမှားလာတဲ့ Cover Letter ပိုင်ရှင်တွေ အလုပ်မရဘူးဆိုတာလည်း ပြောစရာကို

mgyoe.com

mgyoe.com

မလိုပါဘူး။ ဒါ့ကြောင့် အသေးစိတ်ကအစ ဂရုစိုက်ပါ။

## Cover Letter အတွက် အခြေခံဆောင်ရန် ရှောင်ရန်အချက်များ

သင့်အတွက် Cover Letter တစ်စောင်က ဘယ်လောက်အကျိုးပြုနိုင်သလဲ၊ Cover Letter ရေးရာမှာ ဘာတွေမှားတတ်သလဲဆိုတာတွေကို ဆွေးနွေးခဲ့ပြီးပါပြီ။ သင့်အတွက် အလုပ်ရှင်ထံမှ ပထမဆုံးရမယ့် မှတ်ချက်လေးကောင်းဖို့ဆိုရင် အခြားလူတွေမှားတတ်တဲ့အမှားတွေကို ရှောင်ဖို့လိုသလို အလုပ်ရှင်ဆီ ရောက်သွားမယ့် Cover Letter တစ်စောင်မှာ မှတ်ချက်ကောင်းကောင်းလေးနဲ့ အင်တာဗျူးခေါ်တွေ့စေဖို့ CV ကို ဆက်ဖတ်စေဖို့ပါ သွားရမယ့်အချက်တွေ ရှိပါတယ်။

mgyoe.com

mgyoe.com

| ဆောင်ရန် | ရှောင်ရန် |
| --- | --- |
| ◆ မင်နက်နဲ့ပဲ ရေးပါ။ | မင်နီ၊ မင်ပြာ စတာတွေ မသုံးပါနဲ့။ စာတိုက်က ပို့ပို့၊ email ပဲပို့ပို့၊ ဖက်စ်ပဲပို့ပို့ သင့် Cover Letter ကို ပရင့်ထုတ်ရင် အဖြူအမည်းပဲ ထုတ်မှာပါ။ |
| စာရိုက်ရာမှာ Arial နဲ့ Time News Roman တို့လို ရိုးရိုးဖောင့်တွေကိုပဲ သုံးပါ။ | |
| Print ထုတ်တဲ့အခါလည်း သန့်သန့်ရှင်းရှင်း ထင်ထင်ရှားရှားဖြစ်အောင် ဂရုစိုက်ပါ။ | လက်ရေးနဲ့ မရေးပါနဲ့။ ခေတ်ဟောင်းအမြင်တစ်ခုဖြစ်ပြီး၊ သင့်ကို ဖျက်လိုက်၊ ပြင်လိုက်၊ ပြုပြင်ဖို့ ခက်ခဲစေပါလိမ့်မယ်။ |
| ရေးပြီးသား၊ Print ထုတ်ပြီးသား Cover Letter စာရွက်ကို ဘယ်နေရာမှာသိမ်းမလဲဆိုတာလည်း သတိထားပါ။ CV ဖောင်ကိုရောပေါ့။ စီးကရက်နံ့တွေ၊ မီးခိုးနံ့တွေ ပါသွားတာ မကောင်းပါဘူး။ | သိပ် ဆန်းပြားတဲ့ ဖောင့်စာလုံးတွေ၊ ပုံတွေနဲ့ အလုပ်ရှင်ရဲ့ အာရုံကို မဖမ်းစားပါနဲ့။ ရိုးရိုးနဲ့ ရှင်းရှင်းပဲ ရေးပါ။ |

mgyoe.com

mgyoe.com

| | |
|---|---|
| A4 စာရွက်အဖြူရိုးရိုးကိုသာ အသုံးပြုပါ။ | စာရွက် မနမြောပါနဲ့။ ဘယ်သူမှ A4 တစ်မျက်နှာပဲလို့ မသတ်မှတ်ထားပါဘူး။ ဖောင့်ဆိုဒ်ကို သေးပစ်တာတွေ မလုပ်ပါနဲ့။ ပျင်းရိဖွယ်ကောင်းလောက်အောင်လည်း အများကြီး မရေးပါနဲ့။ |
| ရှင်းရှင်းလင်းလင်း၊ တိုတိုတုတ်တုတ်နဲ့ ထိမိအောင် ရေးပါ။ ဆိုင်တာတွေပဲ ရေးပါ။ | စာအိတ်သေးသေးလေးထဲ ဆန့်အောင် အတင်းမခေါက်မချုံးပါနဲ့။ |
| စာမျက်နှာဘေးမှာ ထားရမယ့်နေရာလွတ်တွေကို ကွန်ပျူတာကအကြံပြုထားတဲ့ Default Setting အတိုင်း ထားပါ။ | စာမျက်နှာမှာ စာများများဆန့်အောင် ဘေးမှာ ချန်ရမယ့်နေရာလွတ် Margin တွေ ကျဉ်းမပစ်ပါနဲ့။ |
| စာပိုဒ်တစ်ပိုဒ်နဲ့တစ်ပိုဒ်ကြား ရှင်းရှင်းလင်းလင်းဖြစ်အောင် တစ်ကြောင်းခြား Space နှိပ်ပါ။ | |
| လက်မှတ်ထိုးဖို့ မမေ့ပါနဲ့။ | |

**မှတ်ချက်။ ။ အင်္ဂါနေ့မှာ သင်ယူစရာတွေ အများကြီးရှိပါသေးတယ်။**

mgyoe.com

mgyoe.com

နိဂုံးချုပ်

ဒီနေ့ Cover Letter နဲ့ ဝတ်သက်လို့ တွေ့တွေ့ချင်း First Impression ဆိုတဲ့ အမြင်တစ်ခု ဘယ်လောက်အရေးကြီးလဲဆိုတာ ပြောခဲ့ပါပြီ။ အဲဒါက သင့်ကို အလုပ်ရရေးလမ်းမှန်ပေါ် တင်ပေးနိုင်မှာပါ။ ဒီထနေ့မှာ လေ့လာမှုရဲ့ အစအနေနဲ့ Cover Letter တစ်စောင် ဘယ်လိုရေးမလဲဆိုတဲ့ အတွေးအခေါ်တွေ၊ သူရဲ့ အရေးပါမှုတွေနဲ့ Cover Letter ကောင်းတစ်စောင်ဟာ ကျွန်တော်တို့ရဲ့ အလုပ်လျှောက်ထားမှုမှာ ဘယ်လောက်အရေးပါလဲဆိုတာတွေ သိခဲ့ပါပြီ။ တစ်ခါတစ်ရံ Cover Letter ရဲ့ အခန်းကဏ္ဍနဲ့ ဝတ်သက်ပြီး အမြင်မှားတတ်ကြတယ်။ Cover Letter ဆိုတာ CV ရှေ့ကခံတဲ့ သာမန်စာရွက်တစ်ရွက်လို့ ထင်တတ်ကြတယ်။ Cover Letter အပေါ် အာရုံစိုက်မှုလျော့ပြီး ဆိုးကျိုးတွေဖြစ်၊ အခွင့်အရေးတွေ ဆုံးရှုံးရတော့တာပါပဲ။ သင်ဟာ အဲဒီလို ပေါ့လျော့တဲ့လူတွေထဲ မပါဝင်သင့်တော့တာ သေချာပါပြီ။

နောက်တစ်ခုက ဒီနေ့မှာ သင်သိခဲ့တာက ဘယ်လိုဆိုးရွားတဲ့ နမော်နမဲ့အမှားတွေက သင့်ကို ဒုက္ခပေးနိုင်သလဲဆိုတာပါပဲ။ တချို့ လက်မထောင်နေတဲ့သူတွေလည်း သူတို့ရဲ့ အမှားတွေကို သင်ခန်းစာယူသင့်ပါပြီ။ သင် ဒီနေ့မှာ သိရမှာက သင့် Cover Letter ဟာ အလုပ်ရှင်တွေ၊ မန်နေဂျာတွေရဲ့ ပထမဆုံး စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်တယ်ဆိုတာ သိဖို့ပါ။ သင့်ရဲ့ နမော်နမဲ့အမှားတွေ၊ စာလုံးပေါင်း၊ သဒ္ဒါအမှားတွေကို ထုတ်ပြင်ဖို့ရုံ ပြောတာမဟုတ်ဘူးဆိုတာကိုလည်း သင်သိလောက်ပါပြီ။

mgyoe.com

mgyoe.com

# သင့် Cover Letter ကို
# ထိရောက်မှုရှိစေဖို့

mgyoe.com

mgyoe.com

မနေ့က ကျွန်တော်တို့ Cover letter တစ်စောင်ဟာ လုပ်ငန်းရှင်တွေ ဖတ်မိတာနဲ့ချက်ချင်း သင့်အပေါ်အကောင်းမြင်အောင်လုပ်ဖို့ ဘယ်လောက် အရေးကြီးသလဲဆိုတဲ့ အကြောင်း ဆွေးနွေးခဲ့ပြီးပါပြီ။ ဒီနေ့မှာတော့ အဲဒီ Cover Letter တစ်စောင်ကို တကယ်အလုပ်ဖြစ်အောင် အဲဒီ Cover Letter ထဲမှာ ဘာတွေပါသင့်တယ်ဆိုတာကို ပြောပြသွားမှာပါ။

သူ့အလုပ်ကို သူ ကောင်းကောင်းလုပ်နိုင်တဲ့ Cover Letter တစ်စောင်ဟာ ဖတ်မိတဲ့လူတွေကိုပိုပြီး သိချင်စိတ်တစ်ခုကို ဖန်တီးပေးပါတယ်။

အဲဒါဟာ ကြားရတာတော့ တကယ်ပဲ ရိုးရှင်းပါတယ်။ ဟုတ်ပါတယ်၊ အတိုင်းအတာတစ်ခုထိလည်း ရိုးရှင်းပါတယ်။ သင့် Cover Letter ကို ဖတ်မယ့်သူ (လစ်လပ်ရာထူးတစ်ခုရှိနေတဲ့ အလုပ်ရှင်က) သူ့အလုပ်အတွက် အသင့်တော်ဆုံးဆိုတဲ့ အလုပ်သမားရဲ့ စာကိုပဲ တောင့်တနေကြတာပါ။ အဲဒါကိုမေ့ထားပြီး အဲဒီအလုပ်ရှင်တွေကို တစ်ခါမှ စာမဖတ်ဘူးတဲ့လူတွေလို့ တွေးတောလိုက်စမ်းပါ။ တကယ်လည်း အလုပ်ရှင်တွေ သူဌေးတွေဟာ အလုပ်တွေ ကြားစာဖတ်ဖို့ သိပ်ပြီး အချိန်မပေးနိုင်ပါဘူး။ သူတို့အချိန်ပေးပြီး ဖတ်တဲ့အခိုက်မှာ သူတို့ကို ခေါင်းကိုက်စေတဲ့ ပြဿနာတစ်ခုအတွက် သဲလွန်စပေးနိုင်ခဲ့မယ်ဆိုရင်။

ဟုတ်ပါတယ်၊ အဲဒါဟာ လှည့်ကွက်လေးတစ်ခုပါ။ သင်ထင်တဲ့အတိုင်းပါပဲ၊ သင်ဟာ ပြဿနာတွေကို ကောင်းစွာဖြေရှင်းနိုင်သူဆိုတာ အလုပ်ရှင်တွေ သိဖို့ ပြောပြရမှာပါ။

mgyoe.com

mgyoe.com

ဒီနေ့မှာတော့ အဲဒီအကြောင်းတွေကို သင့်ကို သင်ပေးမှာပါ။

ဒီနေ့မှာ သင်ယူရမယ့်နောက်တစ်ခုက အလုပ်ရှင်နဲ့ အစေးကပ်ခြင်းပါ။ ဆိုလိုတာက သင်ဟာ အလုပ်ရှင်နေရာက ဝင်တွေးနိုင်ရမယ်။ အလုပ်ရှင်ကို ကိုယ်ချင်းစာတတ်ရမယ်။ သူတို့ မြင်သလို မြင်တတ်ရမယ်။ ပြီးတော့ သူတို့အလုပ်တွေ ကူညီနိုင်ရပါမယ်။ အဲဒါဟာလည်း အချိန်တိုအတွင်းမှာ Cover Letter က တစ်ဆင့် အလုပ်ရှင်နဲ့ သင်နဲ့ကို ရင်းနှီးသွားစေမှာပါ။

❂

mgyoe.com

mgyoe.com

## အချိန်နည်းနည်းလေးအတွင်းမှာ အခွင့်အရေးကို အမိအရ ယူရမယ်

အလုပ်ရှင်တွေဟာ အလုပ်လျှောက်လွှာတွေကို သုံးသပ်တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ အဲ့ဒီအချိန်မှာ Cover Letter ဟာ ကောင်းစွာ အလုပ် လုပ်နိုင်ဖို့ လိုအပ်ပါတယ်။ ဘာလို့ ကောင်းစွာ အလုပ်လုပ်သင့်လဲဆိုတော့ Cover Letter နဲ့ ပတ်သက်တဲ့ အောက်ပါအချက်တွေ ကြောင့်ပါ။

- Cover Letter တစ်စောင်ကို ဖတ်တယ်ဆိုတာ တဒင်္ဂ ဆိုတာထက် နည်းနည်းပဲ ပိုတဲ့ တစ်ခဏလေးပါ။
- Cover Letter တွေကို အလုပ်ရှင်တွေဟာ ဘယ်တော့မှ အစအဆုံး ဖတ်လေ့ဖတ်ထ မရှိပါဘူး။
- Cover Letter တွေကို နှစ်ခါပြန်ဖတ်တယ်ဆိုတာ ရှားပါတယ်။ (ပယ်တဲ့ စာရင်းထဲရောက်သွားပြီးတဲ့ စာတစ်စောင်ဟာ ပြန်ပေါ်လာဖို့ ရှားပါတယ်။)

အထူးသဖြင့် အပြိုင်အဆိုင်များတဲ့ အလုပ်နေရာတွေအတွက် အဲ့ဒီအချက်တွေဟာ ဘာကိုဆိုလိုသလဲဆိုတော့


- သင် ပြောချင်တဲ့ သူတစ်ပါးထက်သာလွန်တဲ့ သင့်အကြောင်းတွေဟာ ပထမတစ်ကြိမ် ဖတ်ကတည်းကပေါ်ပေါက်သင့်တယ်။ (ဒုတိယအကြိမ် အခွင့်အရေးဆိုတာ မရှိပါဘူး။)
- သင် ပြောတဲ့ အရည်အချင်းဆိုတာတွေကလည်း အလုပ်ရှင်ရဲ့ အကြိုက်နဲ့ ကိုက်ညီရပါတယ်။

mgyoe.com

mgyoe.com

### ဘာတွေ ပြောပြသင့်သလဲ

အဲဒီတော့ သင့် အလုပ်ရှင်က ဘာကို လိုအပ်နေသလဲ။ သင့်ရဲ့ အရည်အချင်းတွေထဲက ဘာတွေက သင့်အလုပ် လိုအပ်ချက်တွေနဲ့ ကိုက်ညီမလဲ။ ပြီးတော့ ဘယ်အချက်တွေက အင်တာဗျူးစာရွက်မှာ သင့်နာမည်ကို ပါဝင်စေမလဲ။



### ပုစ္ဆာတိုင်းကို အဖြေတစ်ခုတည်းနဲ့ မပြေလည်စေပါဘူး

အလုပ်ရှင်တိုင်းဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး။ ဥပမာ – HR Manager တစ်ယောက်ကို ရှာဖွေနေတဲ့ စက်ရုံနှစ်ရုံရှိတယ်ပဲ ထားပါတော့။ စက်ရုံ A က စုစည်းမှု ရှိတယ်။ အရာရာတိုင်းကို စုပေါင်းဆုံးဖြတ်ကြတယ်။ Bစက်ရုံကျတော့ အလုပ် လုပ်ကိုင်ရာမှာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆုံးဖြတ်ကြတဲ့ အလေ့အထရှိပြီး HR Manager တစ်ယောက်ရဲ့ အလုပ်တာဝန်က ဝန်ထမ်းတွေ သက်သာချောင်ချိရေးကို စဉ်းစားဆုံးဖြတ်ရတဲ့ အပိုင်းပဲထားပါတော့။ အတွေ့အကြုံရှိတဲ့ အလုပ်လျှောက်သူတစ်ယောက်ဟာ သူ့ရဲ့ အရည်အချင်းတွေနဲ့ ပတ်သက်လို့ စက်ရုံ A ကို ပို့တဲ့ Cover Letter နဲ့ စက်ရုံကြီးပို့တဲ့ Cover Letter တို့မှာ ရေးသားပုံ ရေးသားနည်းတူလို့ မရပါဘူးဆိုတာ သိပါတယ်။ လစ်လပ်နေရာချင်းတူပေမဲ့ အလုပ်လျှောက်တဲ့အခါ Cover Letter တစ်စောင်တည်း အသုံးပြုရင် အမှားကြီး မှားသွားပါလိမ့်မယ်။

mgyoe.com

mgyoe.com

**အဓိကအချက်**

အလုပ်ရှင်တွေအားလုံးက Cover Letter တွေကို တစ်သမတ်တည်းမြင်ကြတယ်ဆိုတဲ့အတွေးဟာ မှားယွင်းပါတယ်။ ရှိကို ရှိရမယ့် ခံယူချက်တစ်ရပ်က လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မတူဘူးဆိုတာပါပဲ။ အဲ့ဒီအချက်ဟာ မနေ့က ပြောခဲ့တဲ့ ပြီးစလွယ် Ready Made အဖြစ် သဘောဆန်တဲ့ Cover Letter တွေရဲ့ ဆိုးကျိုးကို ပြန်ပြီး သတိရစေပါတယ်။ သင် အလုပ်လျှောက်လွှာပို့ပေးတိုင်း ပို့ပေးတိုင်း ဒီအချက်အလက်တွေကိုပဲ ထပ်ခါထပ်ခါ ထည့်ပေးနေခြင်းက ကောင်းတဲ့အရာမဟုတ်ပါဘူး။

## အလုပ်ကြော်ငြာကို သေချာကြည့်ပါ။

အဲ့ဒီတော့ တစ်ယောက်နဲ့တစ်ယောက် မတူဘူးဆိုတာ သိပြီးတဲ့နောက် အလုပ်ရှင်တွေ ဘာလိုအပ်သလဲဆိုတာ သင် ဘယ်က သိနိုင်ပါသလဲ။ သူတို့ ဘာကို စိတ်ဝင်စားနေလဲဆိုတာ သင် ဘယ်လို ရှာဖွေနိုင်ပါသလဲ။ စတင် ရှာဖွေသင့်တဲ့ အကောင်းဆုံးနေရာကတော့ အလုပ်ကြော်ငြာတွေမှာပါပဲ။ သူတို့တွေက ဘယ်လိုအရည်အချင်းမျိုးတွေကို သင့် အလုပ်ရှင်က ရှာဖွေနေသလဲဆိုတာကို ထင်သာမြင်သာဖြစ်အောင် ပြောပြပါလိမ့်မယ်။ တစ်ခါတလေမှာ တချို့ အလုပ်ကြော်ငြာတွေက အလုပ်နဲ့ပတ်သက်တဲ့ ရှင်းလင်းချက် အသေးစိတ်ကိုတောင် သင့်ကို ပံ့ပိုးပေးနိုင်ပါတယ်။ ဥပမာ– အင်တာနက်က တိုက်ရိုက်ဖတ်ရှုနိုင်တဲ့ အလုပ်ကြော်ငြာတွေပေါ့။

mgyoe.com

mgyoe.com

## အလုပ်ရှင်တွေ ဘာတွေတွေးနေသလဲဆိုတာနဲ့ ပတ်သက်ပြီး သဲလွန်စရှာစရာ နောက်တစ်ချက်

သေချာတာပေါ့။ ကြော်ငြာတွေက သင့်ကို အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး အလုံးစုံအကုန် ပြောမပြနိုင်ပါဘူး။ ဥပမာအားဖြင့် လုပ်ငန်းတစ်ခုရဲ့ ဓလေ့ထုံးစံတွေ၊ လူတွေအပေါ် ဆက်ဆံပုံတွေ စသည်ဖြင့်ပေါ့။ အဲ့ဒါတွေကို အလုပ်ကြော်ငြာတွေကတစ်ဆင့် သိဖို့ ခဲယဉ်းပါတယ်။ အဲ့ဒီတော့ အခြားသဲလွန်စ ရှာရမယ့်နေရာတွေကိုလည်း သိသင့်ပါတယ်။

## အင်တာနက်မှာ ရှာဖွေပါ

အင်တာနက်ဟာ အံ့ဩဖွယ်နေရာပါ။ ကိုယ် အလုပ်လျှောက်မယ့်လုပ်ငန်းရဲ့ ကိုယ်ပိုင် website အပြင် အဲဒီ့ လုပ်ငန်းအကြောင်းကို အင်တာနက်က အခြားနေရာတွေမှာ ရှာဖွေနိုင်ပါသေးတယ်။ ဥပမာအားဖြင့် လတ်တလော သတင်းစာမျက်နှာတွေ၊ Social Networking ဆိုဒ်တွေမှာပေါ့။

## သင့်ရဲ့ အသိုက်အဝန်းကိုလည်း အသုံးချပါ

သင်ဟာ နှစ်ပေါင်းများစွာ အလုပ်ခွင်ထဲမှာ ကျင်လည်လာခဲ့ပြီဆိုရင် သင့်မှာလည်း အလုပ်သဘောဆောင်တဲ့ အလုပ်ခွင်ထဲမှာ ရင်းနှီးခဲ့တဲ့ အသိုက်အဝန်းတစ်ခု ဖန်တီးခဲ့ပြီးပါပြီ။ သူတို့ဆီက အတွင်းစကားတွေ ရနိုင်ပါတယ်။ အခုလက်ရှိ သင် စိတ်ဝင်စားနေတဲ့ လုပ်ငန်းမှာ လုပ်နေတဲ့ လူတွေရှိသလို အဲဒီ့လုပ်ငန်းက ထွက်လာတဲ့လူတွေလည်း ရှိမှာပါ။

mgyoe.com

mgyoe.com

**ကိုယ့်ရဲ့အကောင်းဆုံးအချက်တွေနဲ့ ရှေ့ကိုထွက်ရပ်လိုက်ပါ**

ခြုံပြောရမယ်ဆိုရင် အခုထက်ထိ ကျွန်တော်တို့ သိလာခဲ့တဲ့ အရာတွေက အလုပ်ရှင်တွေ ဘာလိုချင်လဲ၊ သူတို့ဘာကို စိတ်ဝင်စားနေလဲ ဆိုတာတွေကို ရှာဖွေခြင်းပါ။

ကျွန်တော်တို့ နောက်ထပ်လေ့လာမယ့် အရာတွေက. . .

- သင့်မှာ ဘာအရည်အချင်းတွေ ပြစရာရှိသလဲ။
- ဘယ်လောက်ထိအဲဒီအရည်အချင်းတွေက အသုံးဝင်သလဲ။
- အလုပ်ရှင်တွေရဲ့ အကြိုက်နဲ့ ဘယ်လောက်ထိ အပ်စပ်သလဲ ဆိုတာတွေပါပဲ။

အဲဒီအချက်တွေက ကျွန်တော်တို့ပြောတဲ့ အကောင်းဆုံးအချက် ဆိုတာတွေပါပဲ။ အဲဒါတွေကို Cover Letter မှာ ထည့်ရေးကို ရေးရမှာဖြစ်ပြီး အဲ့ဒါကိုဖတ်တဲ့ အလုပ်ရှင်ရဲ့ Cover Letter အပေါ် မျက်စိတစ်ချက်အရှေ့မှာတင် အလွယ်တကူတွေ့ရှိသင့်တဲ့အရာတွေပါ။ သင့် Cover Letter ရဲ့ အကောင်းဆုံးဆိုတဲ့အချက်တွေအဖြစ် ပါဝင်နိုင်တာကတော့ . . .

- သင်က မှန်ကန်တဲ့ လက်မှတ်တစ်ခု ကိုင်ထားမယ်။
- သင့်မှာ လိုအပ်တဲ့ အတွေ့အကြုံရှိမယ်။
- သင်ဟာ လိုအပ်တဲ့ သင်တန်းတွေ တက်ရောက်ဖူးထားမယ်။
- သင့်မှာ မှန်ကန်တဲ့စိတ်နေစိတ်ထားနဲ့ အတွေးအခေါ်တွေ ရှိမယ်။
- သင် နေတဲ့ နေရာဟာ အလုပ်နဲ့ အဆင်ပြေမယ်။ (ဒါပေမဲ့ သင် အလုပ်တစ်ခုလျှောက်ဖို့အတွက်တော့ အိမ်ပြောင်းနေစရာ မလိုအပ်ပါဘူး။)

mgyoe.com

mgyoe.com

**သတိရပါ**

Cover Letter ထဲမှာ ထည့်ရမယ့် အကောင်းဆုံးအချက်တွေဆိုတာ သင်ထင်ထားတဲ့၊ သင့်ကိုယ်သင် မြင်တဲ့အချက်တွေမဟုတ်ပါဘူး။ တကယ့်ကို အလုပ်နဲ့ကိုက်ညီတဲ့ ကောင်းတယ်ဆိုတဲ့အချက်တွေပါ။

ဥပမာ – သင်က ဒီဇိုင်းဆွဲတာနဲ့ပတ်သက်လို့ အလုပ်အတွေ့အကြုံ အများကြီးရှိထားတယ်ဆိုပေမဲ့ ကွဲပြားတဲ့ software တစ်ခုသုံးတဲ့ အခြားကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်မယ်ဆိုရင် အဲဒီအချက်က အလုပ်ရှင်ကိုသိပ်ပြီးဆွဲဆောင်နိုင်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ အလုပ်ရှင်တွေ တကယ်စိတ်ဝင်စားမယ့်အချက်တွေကို သူ့ဟာသူရှာဖွေပါစေ။ သင်က သူတို့ကိုယ်စားအကြံပေးခြင်းနဲ့ လမ်းလွှဲမလိုက်ပါစေနဲ့။

## သင့်ရဲ့အကောင်းဆုံးအရည်အချင်းတွေကို ပြန်သုံးသပ်ပါ

အကောင်းဆုံးအရည်အချင်းတွေကို Cover Letter ထဲထည့်ရေးရမယ်ဆိုတော့ အခုအချိန်ဟာ သင့်ရဲ့ အရည်အချင်းတွေကို ပြန်လည်သုံးသပ်ရမယ့် အချိန်ပါပဲ။ သင်ဟာ အခု လျှောက်မယ့်အလုပ်နဲ့ ပတ်သက်လို့ သင့်ရဲ့ အကောင်းဆုံး အရည်အချင်းတွေလို့ထင်တဲ့အချက်တွေကို စာရင်းတစ်ခု ချရေးပါ။ ပြီးတော့ ဘယ်နှခုရှိသလဲ ရေကြည့်ပါ။ တကယ်လို့ ခြောက်ခုထက် ပိုနေပြီဆိုရင်တော့ အဲဒီအချက်တွေကို ပြန်လည် ဆန်းစစ်ဖို့ လိုနေပါပြီ။ ဒီအခြေအနေမှာ ပြတ်သားဖို့ လိုပါတယ်။ မဆိုင်တဲ့အချက်တွေကို ပြတ်ပြတ်သားသား ဖယ်ထုတ်မှသာ အဆင်ပြေမှာပါ။ /

mgyoe.com

mgyoe.com

## အရေးအသားတွေကို ရှင်းရှင်းလင်းလင်းနဲ့ လိုရင်းသာရေးပါ

စက်မှုအင်ဂျင်နီယာဘွဲ့ရတွေကို ခေါ်တဲ့အလုပ်အတွက် သင့်မှာ ကိုက်ညီတဲ့ အရည်အချင်းကောင်းတွေရှိတယ် ဆိုပါတော့။ အဲဒီလိုပဲ သင်ဆယ်နှစ်ကျော်လောက် အတွေ့အကြုံရှိဖူးတဲ့ အလုပ်နဲ့ ပတ်သက်ပြီး သင်ကလည်း လုံးဝ ကျွမ်းကျင်တဲ့ အချက်တွေနဲ့ အလုပ်တစ်ခု ခေါ်တယ်ဆိုပါတော့။ သင် လုပ်ရမှာက ရှင်းရှင်းလေးပါ။ သင့် Cover Letter မှာ သင့်မှာရှိတဲ့ အထက်ပါ အလုပ်နဲ့ ပတ်သက်တဲ့ အားသာချက်တွေကို ဖော်ပြတဲ့ ရှင်းလင်းတဲ့ စာကြောင်းအနည်းငယ်ကို ထည့်သွင်းရေးသားဖို့ပါပဲ။ သင့်ရဲ့ အားသာချက်တစ်ခုချင်းဆီကို တစ်ပိုဒ်စီ ခွဲကြားထဲမှာ တစ်ကြောင်းစာနေရာလပ်ချန်ချန်ပြီး ထင်သာမြင်သာ ဖြစ်အောင် ရေးပါ။ ပြီးပြီဆိုရင် အခု သင်ရရှိသွားတာက သင့် Cover Letter ရဲ့ တကယ့်ကို အရေးကြီးဆုံး အပိုင်းပါပဲ။ အဲဒီအပိုင်းသာ သင့်အလုပ်ရှင်လိုချင်တာနဲ့ ကိုက်ညီသွားပြီဆိုရင် သင့် CV ကို ဆက်လက်ဖတ်ရှုဖို့ သေချာသွားပါပြီ။ Cover Letter တစ်စောင်ရဲ့ အလုပ်အောင်မြင်စွာ ပြီးဆုံးသွားပြီပေါ့။

## သူတို့စကားလုံးတွေကို သုံးပါ

သင် နေ့တိုင်းကြားနေတဲ့ အလုပ်ရှင်တွေသုံးလေ့သုံးထရှိတဲ့ ဗန်းစကားတွေနဲ့ နည်းပညာဆိုင်ရာ အခေါ်အဝေါ်တွေကို လိုအပ်သလို အသုံးပြုပါ။ အဲဒီစကားလုံးတွေဟာ သင် နေ့စဉ် ရင်းနှီးနေစရာ မလိုပါဘူး။ သင်နဲ့ အဆင်ပြေတဲ့ စကားလုံးတွေထက် အလုပ်ခေါ်မယ့်သူတွေနဲ့ ရင်းနှီးမယ့် စကားလုံးအသုံးအနှုန်းတွေကို အသုံးချပါ။

mgyoe.com

mgyoe.com

## ယုံကြည်စိတ်ချရမှုနဲ့ ရှေ့နောက်ညီညွတ်မှု

ကျွန်တော်တို့ လူတွေကို အမြဲတမ်းသတိပေးတဲ့အချက်က အလုပ်ရှင်ကို သူတို့ ပေးလိုက်တဲ့ စာရွက်စာတမ်းတွေနဲ့ ပတ်သက်ပြီး ရှေ့နောက်ညီညွတ်ဖို့ပါ။ ဘာလို့ အဲဒီလို အမြဲတမ်း သတိပေးနေပါသလဲ။ ကံဆိုးစွာပဲ ကျွန်တော်တို့ဟာ အကျိုးရှိမယ်ဆိုရင် အမှန်တရားကို လက်တစ်လုံးခြားလုပ်ချင်တဲ့ လူတွေကြားထဲ နေထိုင်နေရပါတယ်။ အဲဒီလို လှည့်စားခြင်းတွေဟာ မမျှော်



လင့်တဲ့ ဖြစ်ရပ်တွေက တစ်ဆင့် ပြန်လည် ပေါ်ပေါက်နိုင်ပါတယ်။ လိမ်လည်မှုတွေဟာ နောက်တစ်ကြိမ် အလုပ်ခေါ်ယူမှုအတွက် အလုပ်ရှင်ကို သတိပေးလိုက်တာပါပဲ။ သင့်ရဲ့ Cover Letter (သို့မဟုတ်) CV မှာ ပါဝင်တဲ့ အချက်တစ်ခုဟာ သံသယဖြစ်ဖွယ်ကောင်းနေပြီဆိုတာနဲ့ ပယ်စာရင်းထဲ ဝင်သွားတော့တာပါပဲ။ ဒါပေါ့၊ လျှောက်ထားတဲ့သူက ဉာဏ်မရှိဘူးဆိုတာ သေချာတာပေါ့။

အလုပ်လျှောက်သူတွေ သူတို့ရဲ့ ယုံကြည်စိတ်ချရမှုကို သူတို့ကိုယ်တိုင် ချိုးဖောက်တဲ့အချက်က သူတို့ လျှောက်လွှာတွေမှာပါတဲ့ ရှေ့နောက်မညီညွတ်မှုတွေပါပဲ။ အဲဒါတွေရဲ့ ဥပမာတစ်ခုက နေ့စွဲတွေ တစ်ခုနဲ့တစ်ခု မညီညွတ်တာတွေ၊ အရင်အလုပ်ကို ဝင်တဲ့ရက်နဲ့ ထွက်တဲ့ရက်ကိုပဲ လျှောက်လွှာမှာတစ်မျိုး၊ CV မှာတစ်မျိုး၊ Cover Letter မှာ တစ်မျိုးရေးထားတာတွေပါ။ အဲဒီလိုအမှားတွေဟာ ကြိုတင်

mgyoe.com

mgyoe.com

ကြံစည်မှုတစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ နမော်နမဲ့၊ ဂရုမစိုက် မိလို့ မှားတတ်တာမျိုးတွေလည်း ပါဝင်ပါတယ်။ ဒါပေမဲ့ အလုပ်ရှင် ကတော့ သင့်အပေါ် သံသယဝင်သွားခဲ့ပါပြီ။

> **အဓိကအချက်**
>
> သင် Cover Letter မှာရေးတာတွေနဲ့ CV မှာ ပါ တာတွေ ရှေ့နောက်ညီညွတ်မှု ရှိပါစေ။ အလုပ်ရှင်တွေက အဲဒီနှစ်ခုကို နှိုင်းယှဉ်ကြည့်တတ်တယ်။

ရခဲ့တဲ့အောင်မြင်မှုတွေက ဘာလဲ

ကျွန်တော်တို့ အဲဒါကို ဒီမှာ ဖော်ပြရတာ

- အဓိက အောင်မြင်မှုတွေနဲ့ အကောင်းဆုံးအရည်အချင်းတွေနဲ့ ရောတတ်လို့ပါ။
- ရလဒ်ကတော့ Cover Letter မှာ မပါသင့်တဲ့ အချက်တွေ ပါသွားတာပါပဲ။

တစ်ယောက်ယောက်ကို သူတို့ရရှိခဲ့တဲ့ အဓိက အောင်မြင်မှု တွေက ဘာလဲလို့ မေးကြည့်စမ်းပါ။ ဥပမာ – ပြီးခဲ့တဲ့နှစ်က မာရသွန်တွေ အများကြီး ဝင်ပြိုင်ပြီး ပရဟိတလုပ်ငန်းတွေ အတွက် ငွေပမာဏ တော်တော်များများ ရှာပေးနိုင်ခဲ့တာလား။ အဲဒါက အောင်မြင်မှုလား။ ဟုတ်ပါတယ်၊ ဒါပေမဲ့ အကောင်း ဆုံးအရည်အချင်းတစ်ခုတော့ မဟုတ်ပါဘူး။ အဲဒီတော့ မာရ သွန်နဲ့ပတ်သက်လို့ သင့် အလုပ်လျှောက်လွှာမှာ နေရာများများ မရှိပါဘူး။ ပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအတွက် မာရသွန် အပြေးသမားတစ်ယောက်ဆိုတာ သိပ်မဆိုင်တဲ့ကိစ္စတစ်ခုပါ။

mgyoe.com

mgyoe.com

အဲ့ဒါက ဘာကိုဖော်ပြသလဲဆိုရင် သင့်ကိုယ်သင် ထင်ထားတဲ့ အောင်မြင်မှုဆိုတာတွေဟာ Cover Letter တွေမှာ မပါသင့်ဘဲ အလွယ်တကူ ပါသွားနိုင်တယ် ဆိုတာပါပဲ။ သင်ဟာ စာရေးပြိုင်ပွဲတစ်ခုမှာ ပထမဆု ဆွတ်ခူးခဲ့တာ အောင်မြင်မှုတစ်ခုပေမဲ့ စာရင်းအင်းမန်နေဂျာရာထူးအတွက်တော့ အဲဒီအချက်ဟာ သင့်အတွက် အလုပ်ရရှိနိုင်မယ့် အခွင့်အရေးကို တိုးတက်လာစေမှာ မဟုတ်ပါဘူး။ ပြောချင်တာကတော့ အခုအလုပ်နဲ့ မသက်ဆိုင်တဲ့ အောင်မြင်မှုတွေဟာ သင့် CV ကို ထူးခြားလာအောင် အထောက်အကူပြုပေမဲ့ Cover Letter ထဲမှာ မပါသင့်တဲ့ အချက်တွေလည်း ရှိတယ်ဆိုတာပါပဲ။ မသက်ဆိုင်တဲ့ အောင်မြင်မှုတွေနဲ့ သင့်ရဲ့ လျှောက်ထားတဲ့ အလုပ်နဲ့ အံဝင်ခွင်ကျရှိမယ့် အရည်အချင်းတွေကို ဖုံးလွှမ်းမပစ်ပါနဲ့။

## သင် ဘယ်ကလာပြီး ဘာတွေလိုချင်တာလဲ

အလုပ်ရှင်တွေက သူတို့အလုပ်ကို ဘာလို့ လျှောက်သလဲ ဆိုတာလည်း သိချင်ပါတယ်။ အဓိက ကတော့ မသင့်တော်တဲ့သူတွေကို ခန့်ထားမိမှာစိုးလို့ပါ။ ဥပမာအားဖြင့် – သင်က တိုးတက်မှုကို ရှာဖွေနေပြီး အလုပ်သဘောတရားက သင့်ကို အောက်ဆွဲချမယ့်အရာမျိုး၊ ပြီးတော့ သင့်ရဲ့ အကျင့်စရိုက်က ခဏလေးနဲ့ အလုပ်ထုတ်ခံရမယ့် အခြေအနေမျိုး စတာတွေကို ကြိုသိရင် သူတို့အတွက် စဉ်းစားရာမှာ အထောက်အကူဖြစ်မှာပါ။ အဲဒါကြောင့်သာလျှင် သင် ဘာလို့ အလုပ်လုပ်ချင်လဲ ဆိုတာက အရေးကြီးတာပါ။

mgyoe.com

mgyoe.com

**အဓိကအချက်**

သင့်ကို အင်တာဗျူးခေါ်မိပြီး သင်လိုချင်တဲ့အရာနဲ့ အလုပ်ရှင်ပေးနိုင်တဲ့အရာ မကိုက်ညီတဲ့အခါ အလုပ်ရှင်ရဲ့အချိန်တွေကုန်သလို သင့်အတွက်လည်း အလုပ်ဖျက်လာရတာမျိုးတွေ၊ အားလပ်ရက်ကို စွန့်လွှတ်ခဲ့ရတာမျိုးတွေ ဖြစ်နိုင်ပါတယ်။ အဲဒီတော့ အလုပ်လျှောက်ထားသူနဲ့ အလုပ်ရှင်ကြား ရည်ရွယ်ချက်တွေကို ထင်ထင်ရှားရှား ဖော်ပြသင့်ပါတယ်။ သင့်ရဲ့ အလုပ်လျှောက်ထားရခြင်း ရည်ရွယ်ချက်ကို ဖော်ပြဖို့တော့ Cover Letter က စွမ်းဆောင်နိုင်မှာပါ။ ပြီးတော့ အဲဒီလို ဖော်ပြခြင်းနဲ့ မလိုအပ်တဲ့ အချိန်ဆုံးရှုံးမှုတွေကိုလည်း မဖြစ်ပေါ်စေတော့ပါဘူး။

## အလုပ်ရှင်နဲ့ လိုက်လျောညီထွေဖြစ်ဖို့

ကျွန်တော်တို့ အခုဆိုရင်တော့ တဖြည်းဖြည်းနဲ့ ဒီနေ့ရဲ့ နောက်ဆုံးပိုင်းဖြစ်တဲ့ အလုပ်ရှင်နဲ့ လိုက်လျောညီထွေဖြစ်မှုအပိုင်းကို ရောက်ရှိလာပါပြီ။ အလုပ်ရှင်ရဲ့ ဘာသာစကားနဲ့ရော တွေးပုံခေါ်ပုံနဲ့ပါ အလုပ်လျှောက်လွှာတွေဟာ လိုက်လျောညီထွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီနေ့ ဘာသာရပ်ဖြစ်တဲ့ အလုပ်ရှင်ရဲ့အကြိုက်နဲ့ ထပ်တူကျရုံတင် မဟုတ်ပါဘူး။ နောက်နေ့တွေမှာ ပြောပြသွားမယ့် Cover Letter တစ်စောင်ရဲ့ ပုံစံတွေနဲ့ပါ သက်ဆိုင်နေပါတယ်။

mgyoe.com

mgyoe.com

## တိုတိုနဲ့ ထိထိရောက်ရောက် ပြည့်ပြည့်စုံစုံ ရေးသားခြင်းက ဘာလို့အရေးကြီးပါသလဲ

အခုထိ ကျွန်တော်တို့ လေ့လာခဲ့ရတာက ကျွန်တော်တို့ရဲ့ Cover Letter မှာ ဘာတွေ ထည့်သင့်တယ်၊ ဘာတွေ မထည့်သင့်ဘူး ဆိုတာပါပဲ။ အဓိကကတော့ အလုပ်ရှင်က မြင်မြင်ချင်း ဖတ်မိတာနဲ့ ချက်ချင်း စိတ်ဝင်တစားဖြစ်စေဖို့ အချက်တွေပါ။ တစ်ချိန်တည်းမှာပဲ ထပ်တူအရေးကြီးတဲ့ အရာတစ်ခုက တိုတိုရှင်းရှင်းနဲ့ ပြည့်ပြည့်စုံစုံ ထိထိရောက်ရောက် ရေးသားတတ်ခြင်းပါ။ ဘာဖြစ်လို့လဲလို့ မေးရင်တော့ ဒီနေ့မှာ ပထမဆုံး ပြောခဲ့တဲ့အတိုင်းပါပဲ။ သင့်ရဲ့ Cover Letter က အလုပ်ရှင်ရဲ့ စိတ်ဝင်စားမှုကိုရဖို့ အချိန်အနည်းငယ်ပဲ ရပါတယ်။ အကယ်၍ သင့်လျှောက်လွှာကို ဖတ်လို့ တစ်ကြောင်း၊ နှစ်ကြောင်းနဲ့ စိတ်ဝင်စားစရာ မတွေ့ဘူးဆိုရင် အမှိုက်ပုံးထဲ ပစ်ထည့်လိုက်မှာပါပဲ။ သင့် Cover Letter က အဓိကလုပ်ရမယ့်အချက်က အလုပ်ရှင်ဖတ်မိဖို့နဲ့ စိတ်ဝင်စားမှုရှိဖို့ပါပဲ။ ဒါကြောင့် အလုပ်ရှင်ရဲ့ စိတ်ဝင်စားမှုကို သိပ်ပြီး မဆွဲဆောင်နိုင်တဲ့ အချက်တွေကို တိုတိုရှင်းရှင်း ဆိုတဲ့ အချက်နဲ့တင် ပယ်လိုက်ဖို့ သင့်တော်ပါတယ်။ သင့်ရဲ့ Cover Letter ဟာ သိပ်ပြီး ဖွဲ့နွဲ့ယဉ်ကျေးနေဖို့ မလိုအပ်ပါဘူး။ လေးစားမှုရှိရှိ ရေးတယ်ဆိုရုံနဲ့တင် ရပါပြီ။ အလုပ်လျှောက်ထားခြင်းနဲ့ ပတ်သက်တဲ့ အကြံပေးချက်တွေကတော့ Cover Letter ဟာ A4 တစ်မျက်နှာဆို လုံလောက်ပြီလို့ ပြောကြပါတယ်။ ဒါပေမဲ့ အဲဒါဟာ သတ်မှတ်ချက်ကြီး ဖြစ်သွားပြီဆိုရင် ရေးသားသူတွေအဖို့ ပါသင့်တဲ့ အချက်တွေ အကုန်ပါဝင်ဖို့ အဟန့်အတားတစ်ခုလို ဖြစ်သွားပါတယ်။ အတိုဆုံးနဲ့ အထိရောက်ဆုံးသာ ဖြစ်ပါစေ။ ပမာဏကို မစဉ်းစားပါနဲ့။ သင့် Cover Letter မှာ မလိုအပ်တာတွေသာ မပါပါစေနဲ့။ အများအားဖြင့်


mgyoe.com

mgyoe.com

အလုပ်ရှင်တွေက ဖတ်ဖို့ ပျင်းရိငြီးငွေ့လေ့ မရှိပါဘူး။

အလုပ်ရှင်တွေ သင့်အပေါ်နားလည်ဖို့ လွယ်ကူပါစေ။

သင့်ကိုယ်သင် အလုပ်လျှောက်လွှာတွေ တောင်လိုပုံနေတဲ့ စားပွဲနောက်က အလုပ်ရှင်တွေအနေနဲ့ စဉ်းစားကြည့်ပါ။ မြန်မြန်ဆန်ဆန်၊ တိုတိုရှင်းရှင်းနဲ့ သင့်အကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြည့်ပြည့်စုံစုံ ပြောပြဖို့ ကြိုးစားရပါမယ်။ အလုပ်ရှင်တွေရဲ့ အခက်အခဲကို နားလည်ပြီး ကူညီဖြေရှင်းပေးဖို့ ကြိုးစားပါ။




mgyoe.com

mgyoe.com

နိဂုံးချုပ်

ဒီနေ့ ကျွန်တော်တို့ လေ့လာခဲ့တာက သင့် Cover Letter ဟာ အလဟသဖြစ်မသွားဘဲ တကယ့်ကို အသုံးဝင်တဲ့ Cover Letter တစ်စောင် ဖြစ်ဖို့၊ ပြီးတော့ များပြားလှတဲ့ အလုပ်လျှောက်လွှာတွေကြား သင်တာ ထင်ရှားပြီး အင်တာဗျူး ခေါ်ဆိုမယ့် စာရင်းထဲ အလွယ်တကူ ပါဝင်သွားဖို့ ဘယ်လို လုပ်မလဲ ဆိုတာတွေနဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေပါ။ အလုပ်တစ်ခုချင်းစီ အတွက် Cover Letter တွေကို နေရာအလိုက် ပြင်ဆင်ဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခဲ့ပါပြီ။ သင့်မှာ ရှိတဲ့ ကွဲပြားခြားနားတဲ့ အရည်အချင်းတွေက မတူကွဲပြားတဲ့ လိုအပ်ချက်တွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် လုံးဝကွဲပြားနေတဲ့ အလုပ်ရှင်တွေကို ဘယ်လို ဆွဲဆောင်နိုင်သလဲဆိုတာကို သိလာခဲ့ပါပြီ။ သင့်ရဲ့ ဘယ်လိုအရည်အချင်းတွေကို ဆွဲထုတ်ပြီး အချိန်တို အတွင်း အလုပ်ရှင်တွေရဲ့ စိတ်ဝင်စားမှုဆီ ဘယ်လို ပစ်လွှတ်ရမလဲ ဆိုတာကို ကျွန်တော်တို့ သင်ပေးခဲ့ပါပြီ။ ပြီးတော့ အဲ့ဒီတွဲစပ်မှုတွေ ဟာ သင့်ရဲ့ အကောင်းဆုံးအရည်အချင်းတွေနဲ့ ဆက်စပ်မှုတွေရှိပြီး အဲ့ဒီအကောင်းဆုံး အရည်အချင်းတွေကပဲ သင့်ကို အင်တာဗျူး အဆင့်ထိ ဆွဲခေါ်သွားနိုင်မှာပါ။

တစ်ချိန်တည်းမှာပဲ အလုပ်ရှင်တွေကို တိုယ်ချင်း စာဖို့နဲ့ ရိုးရိုး ရှင်းရှင်း၊ ထိထိရောက်ရောက် ရေးခြင်းဖြင့် သင့်ရဲ့ Cover Letter ကို မြန်မြန်ဆန်ဆန်၊ လွယ်လွယ်ကူကူ ဖတ်ရှုနိုင်ဖို့ လိုအပ်တယ် ဆိုတဲ့ အကြောင်းကိုလည်း ဆွေးနွေးခဲ့ပါတယ်။

mgyoe.com

mgyoe.com

အလုပ်ရှင်တွေဆီက ကြားလေ့ရှိတဲ့ ဝေဖန်သံက အလုပ်လျှောက်ထားသူတွေဟာ သူတို့ရဲ့ အရည်အချင်းတွေ၊ အတွေ့အကြုံတွေ၊ ပညာရပ်တွေကို အလုပ်ခွင်လိုအပ်ချက်နဲ့ တွဲစပ်ဖော်ပြဖို့ ဘယ်လောက် ပျင်းတယ်ဆိုတာပါပဲ။ မပျင်းမရိ၊ ကောင်းစွာတွဲစပ်ရေးသားနိုင်တဲ့သူတွေရဲ့ Cover Letter တွေကတော့ အမြဲ အလုပ်ဖြစ်ပြီး ထိပ်ဆုံးကို ရောက်နေမှာပါ။

mgyoe.com

mgyoe.com

# သင့်
# Cover Letter ရဲ့ပုံ

mgyoe.com

mgyoe.com

ကျွန်တော်တို့ သိရသလောက်တော့ လူတွေမှာ Cover Letter ကို ဘယ်လိုပုံစံချရမလဲဆိုတဲ့ ပြဿနာက လွဲလို့ အခြားပြဿနာသိပ်မရှိပါဘူး။ ဥပမာ – အလုပ်ကြော်ငြာ တစ်ခုက သင့်ကို Gillian Smith ဆိုတဲ့လူထံ CV ပို့နိုင်း ပြီဆိုလို့ရှိရင် သင့်ရဲ့ Cover Letter ကို သင် Dear Gillian ဆိုပြီး စမလား။ ဒါမှမဟုတ် Dear Gillian Smith ဆိုပြီး စမယ်လို့ ထင်ပါသလား။ နှစ်ခုစလုံးနဲ့ မစဘူးလို့ ကော အကြံရှိပါသလား။ သင်ဟာ Gillian Smith ဆိုတဲ့ လူနဲ့ မသိတဲ့အတွက် လေးလေးစားစား အခေါ်အဝေါ်မျိုး သုံးသင့်ပါတယ်။ ဒါပေမဲ့ ဘယ်လို လေးလေးစားစား ခေါ်ဝေါ်မလဲ။ သူမကို Miss လို့ သုံးမလား Mrs လို့ သုံးမလား၊ Ms လို့ သုံးမလား သင် စဉ်းစားရပါတော့မယ်။ အကယ်၍သာ အဲဒီအခေါ်အဝေါ် မှားသွားမယ်ဆိုရင် သူမ ဟာ သင့်အပေါ် စိတ်ထင့်သွားနိုင်ပါတယ်။ အစမကောင်း တော့ဘူးပေါ့။

Business Letter တစ်စောင်ကို မှန်ကန်စွာရေးဖို့ရန် အဲဒီ့လို မသေချာမှုများစွာ ရှိပါတယ်။ စီးပွားရေးကိစ္စတွေမှာ email (သို့မဟုတ်) အခြားနည်းလမ်းတွေနဲ့ ဆက်သွယ်တဲ့ အခါ စာအရေးအသားတွေနဲ့ အများကြီးသက်ဆိုင်ပါတယ်။ ဝမ်းနည်းစရာတစ်ခုက စီးပွားရေးကိစ္စတွေမှာ စာရေးသား ဆက်သွယ်မှု တော်တော်များများရဲ့ အကျိုးသက်ရောက်မှု တွေဟာ အားရစရာမရှိတာ များပါတယ်။ ဥပမာအားဖြင့် – ကျောင်းပြီးစလူတွေ တကယ် အလုပ်လျှောက်ကြတဲ့အခါ သူတို့ Business Letter ရေးနည်းကို သင်ခဲ့ရတဲ့အတန်းနဲ့

mgyoe.com

mgyoe.com

နှစ်အတော်ကြာ ဝေးကွာခဲ့ပါပြီ။ ဒါကြောင့်ပဲ သူတို့မှာ စာအရေးအသားပိုင်းဆိုင်ရာ အားနည်းချက်တွေ ရှိနိုင်ပြီး အကျိုးသက်ရောက်မှုက ထင်သလောက်ဖြစ်မလာခဲ့တာပါ။

ဒီနေ့တော့ သင့်စိတ်ထဲမှာ စီးပွားရေးဆိုင်ရာပေးစာ (Business Letter) တွေနဲ့ ပတ်သက်လို့ ရေးပုံရေးနည်း သံသယတွေမှာ ဘယ်ဟာမှန်လို့ ဘယ်ဟာမှားတယ်ဆိုတဲ့ အကြောင်းနဲ့ Cover Letter ရဲ့ ကျနသေသပ်သော ပုံစံတွေ ဘယ်လိုဖန်တီးမလဲဆိုတဲ့အကြောင်းကို ဆွေးနွေးသွားမှာပါ။

mgyoe.com